ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

The Republic of the Union of Myanmar

# မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နည်းဥပဒေများ

# MYANMAR NATIONAL COMMITTEE ON LARGE DAMS RULES

# မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နည်းဥပဒေများ

# MYANMAR NATIONAL COMMITTEE ON LARGE DAMS RULES

## Index


| No | About | | Page |
|---|---|---|---|
| | **Myanmar National Committee on Large Dams Rules** | | |
| 1. | Chapter I | Title and Definitions | 1 |
| 2. | Chapter II | General Assembly | 4 |
| 3. | Chapter III | Formation of the Committee | 4 |
| 4. | Chapter IV | Obligations and Powers of the Committee | 9 |
| 5. | Chapter V | Qualifications, Duties and Powers of Committee Members | 11 |
| 6. | Chapter VI | Formation of sub–committee | 17 |
| 7. | Chapter VII | Committee meetings | 19 |
| 8. | Chapter VIII | Forming of the Secretary Board | 22 |
| 9. | Chapter IX | Fund Raising and Expenditure | 24 |
| 10. | Chapter X | Miscellaneous | 28 |

# မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နည်းဥပဒေများ** | | |


| ၁။ | အခန်း (၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း (၂) | အထွေထွေညီလာခံကျင်းပခြင်း | ၄ |
| ၃။ | အခန်း (၃) | ကော်မတီဖွဲ့စည်းခြင်း | ၄ |
| ၄။ | အခန်း (၄) | ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၉ |
| ၅။ | အခန်း (၅) | ကော်မတီဝင်များ၏ အရည်အချင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၁ |
| ၆။ | အခန်း (၆) | အဖွဲ့ခွဲများဖွဲ့စည်းခြင်း | ၁၇ |
| ၇။ | အခန်း (၇) | ကော်မတီ အစည်းအဝေးများ | ၁၉ |
| ၈။ | အခန်း (၈) | အတွင်းရေးမှူးများအဖွဲ့ ဖွဲ့စည်းခြင်း | ၂၂ |
| ၉။ | အခန်း (၉) | ရန်ပုံငွေရှာဖွေခြင်းနှင့်သုံးစွဲခြင်း | ၂၄ |
| ၁၀။ | အခန်း(၁၀) | အထွေထွေ | ၂၈ |

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီအဖွဲ့ဝင်များ

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

ဤဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး

**အမိန့်အရ**






**Government of the Republic of the Union of Myanmar**

**Ministry of Agriculture, Livestock and Irrigation**

**Notification No. 453/2020**

**9th Waxing Day of Tazaungmon, 1382 M.E.**

**23 November 2020**

In exercise of the power conferred under subsection (a) of section 39 of the Myanmar National Committee on Large Dams Law, the Government of the Republic of the Union of Myanmar, Ministry of Agriculture, Livestock and Irrigation issues the following rules, with the approval of the Government of the Republic of the Union of Myanmar.

## Chapter I

## Title and Definitions

1. These rules shall be called the Myanmar National Committee on Large Dams Rules.

2. The following expressions shall have the meanings given below:

   (a) The law means the Myanmar National Committee on Large Dams Law;

   (b) Irrigation personnel mean staff who are working in various offices under the administration of the Irrigation

စာအမှတ်– ၁/ ၁၉၀ (က) (၁) (၁၄၂၇/၂၀၂၀) (လဆ)

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၃ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်



and Water Utilization Management Department, staff who have resigned from their respective departments after performing their duties, staff who have been transferred from other departments, and retired staff;

(c) Hydropower personnel mean staff who are working in the respective offices under the Department of Electric Power Planning, the Department of Hydropower Implementation, and the Electric Power Generation Enterprise, staff who have resigned from their respective departments after performing their duties, staff who have been transferred from other departments, and retired staff;

(d) Related hydraulic facilities and hydropower facilities mean Service Spillway, Auxiliary Spillway, Emergency spillway, Conduit Outlet, Control tower, Dam Bottom Outlet, Intake structure, Diversion tunnel, Head Raise Channel, Stilling basin, Surge Tank, Low Pressure Pipe, Penstock, Hydropower Plant, and Tail Race Channel;

(e) Related works mean operating, applying, and maintenance of Dams and appurtenant structures and hydropower facilities, in accordance with the design

(က) ဝန်ကြီးဌာနမှ အခါအားလျော်စွာ သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ) တာဝန်အရခရီးသွားလာရပါက အမှန်တစ်ကယ် ကုန်ကျသည့် ခရီးစရိတ်နှင့် သတ်မှတ်ထားသည့် နေ့တွက်စရိတ်များကို ခံစားခွင့်ရှိသည်။

၄၁။ ကော်မတီသည်-

(က) ရုံးတံဆိပ်ကို ကော်မတီ၏ တရားဝင်စာများမှအပ အခြားကိစ္စရပ်များတွင် သုံးစွဲခြင်း မပြုရ။

(ခ) တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲဆိုခံခွင့်ရှိသည်။

**ဒေါက်တာအောင်သူ**
**ပြည်ထောင်စုဝန်ကြီး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



and standards on related hydraulic facilities and hydropower facilities and departmental rules and regulations;

(f) The Work Inspection Board means the Work Inspection Board appointed by the Committee under Section 33 of the Law;

(g) A member of the Committee means a person or organization that is allowed to be a member of the Myanmar National Committee on Large Dams in accordance with section 21 of the law;

(h) The Committee member means a member involved in the Committee formed by Patron Body of Myanmar National Committee on Large Dams;

(i) Periodical Bulletin means documentary evidence, including papers related to dams, instructions to be followed and report those are published annually by the International Commission on Large Dams (ICOLD). This expression also includes instructions to be followed, papers, and reports those are published annually by the Myanmar National Committee on Large Dams (MNCOLD).

(ဂ) ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ်တစ်ဦးဦး။

၃၇။ ကော်မတီသည် လက်ခံရရှိသော အလှူငွေများ၊ ပစ္စည်းများနှင့် စပ်လျဉ်း၍ အလှူရှင်၏ အမည်၊ နေရပ်လိပ်စာ၊ အလှူငွေ၊ ပစ္စည်း၊ ယင်းပစ္စည်း၏ တန်ဖိုး၊ လှူဒါန်းသည့်နေ့ရက် စသည်တို့ကို စနစ်တကျ မှတ်တမ်းတင်ပြီး လက်ခံရရှိကြောင်း အထောက်အထားကို အလှူရှင်အား မပျက်မကွက် ပြန်လည်ပေးအပ်ရမည်။

၃၈။ ကော်မတီသည် လှူဒါန်းမှုနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီးဌာနမှတစ်ဆင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနထံ တင်ပြတောင်းခံနိုင်သည်။

## အခန်း(၁၀)

## အထွေထွေ

၃၉။ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီရုံးကို ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တည်ထောင်ရမည်။ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီရုံးခွဲများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တည်ထောင်နိုင်သည်။

၄၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်များ၊ ကော်မတီဝင်များနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် –



## Chapter II

## General Assembly

3. The Patron Body shall, within 30 days from the date of formation of the Patron Body by the Union Government, convene the first General Assembly by inviting Departments, Organizations, Individuals from companies under the administration of Union Ministries those are mainly affiliated with large dams, and engineers, and experts involved in the Myanmar National Committee on Large Dams, which was formed in accordance with the previous articles of association.

4. The Patron Body shall:

   (a) instruct the Committee Office to arrange General Assembly 30 days prior to the convening of the General Assembly;

   (b) invite members of the Committee registered with the Myanmar National Committee on Large Dams to this General Assembly.

## Chapter III

## Formation of the Committee

5. At the first General Assembly, the Patron Body shall form the Committee consisting of no more than 45 persons, including 4 persons

(င) အဆိုပါစာရင်းများကို နှစ်စဉ်စာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုခံယူရမည်။ လိုအပ်ပါက အထူးစစ်ဆေးချက်များကိုလည်း ခံယူရမည်။

(စ) ငွေထုတ်ချက်လက်မှတ် အားလုံးကို ဥက္ကဋ္ဌ သို့မဟုတ် ဤကိစ္စအလို့ငှာ ဥက္ကဋ္ဌက မိမိကိုယ်စား တာဝန်ပေးအပ်ထားသော အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့က လက်မှတ်ရေးထိုးရမည်။

၃၄။ ကော်မတီ၏ ငွေစာရင်းများကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ စာရင်းပြုစုရမည်။

၃၅။ ကော်မတီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့် အသုံးစရိတ်များကို နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး သုံးလအတွင်း ပြီးခဲ့သည့်နှစ် မိမိ၏ ဆောင်ရွက်ချက်များနှင့်အတူ ဝန်ကြီးဌာနသို့ စာဖြင့် တင်ပြရမည်။

၃၆။ ကော်မတီသည် အောက်ပါ ပြည်တွင်း ပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ နည်းပညာဆိုင်ရာနှင့်အခြား အကူအညီများကို လက်ခံဆောင်ရွက်နိုင်သည်-

(က) တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားသော ပြည်တွင်း ပြည်ပ အဖွဲ့အစည်း တစ်ရပ်ရပ်၊

(ခ) သက်ဆိုင်ရာ နိုင်ငံတွင် တရားဝင်မှတ်ပုံတင် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာ သံရုံးများ၏ စိစစ်ထောက်ခံချက်ပါရှိသည့် ပြည်ပအဖွဲ့အစည်း တစ်ရပ်ရပ်၊



from private companies and 4 persons from senior technicians, a total of 37 civil service personnel and retirees from the following government departments and organizations under the administration of the Union Ministries those are mainly related with large dams, as follows:

| | | |
|---|---|---|
| (a) | Irrigation personnel | 20 persons |
| (b) | Hydropower personnel | 10 persons |
| (c) | Environmental Conservation Department | 1 person |
| (d) | Forest Department | 1 person |
| (e) | Yangon Technological University | 3 persons |
| (f) | Department of Meteorology and Hydrology | 1 person |
| (g) | Directorate of Water Resources and Improvement of Rivers | 1 person |
| (h) | Private companies and organizations those are related with large dams | 4 persons |
| (i) | Senior technicians who are related with large dams | 4 persons |

၃၃။ ကော်မတီသည် ရန်ပုံငွေ သုံးစွဲခြင်းနှင့် စပ်လျဉ်း၍-

(က) အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ ပြည်တွင်းပြည်ပအလှူရှင်များက လှူဒါန်းသော လှူဒါန်းငွေအပါအဝင် ကော်မတီ၏ ရငွေများကို မြန်မာနိုင်ငံအတွင်းရှိ ဘဏ်တစ်ခုခုတွင် ငွေစုဘဏ်စာရင်း (saving account) ဖွင့်လှစ်၍ ထည့်သွင်းခြင်း၊ အသုံးစရိတ်များကို ထုတ်ယူသုံးစွဲခြင်းတို့ကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ကော်မတီ၏ ရန်ပုံငွေများမှ ကျခံသုံးစွဲသည့် အသုံးစရိတ်များနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့် အသုံးစရိတ်များကို သီးခြားစီ စာရင်းပြုစုထားရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ အသုံးစရိတ် ရှင်းတမ်းများကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများ၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျရေးဆွဲပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လစဉ်ပေးပို့ရမည်။

(ဃ) ကော်မတီ၏ရန်ပုံငွေများနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသော အသုံးစရိတ်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ငွေစာရင်းသွင်းခြင်း၊ သုံးစွဲခြင်း၊ လက်ကျန်ရှင်းတမ်းထုတ်ခြင်း ပြုလုပ်ရမည်။



**Formation of Executive Committee**

6. The Executive Committee shall be composed of 15 members elected under section 7 of the Law. In forming so:

(a) the Committee members shall elect one of the rotated senior engineers among the irrigation personnel and the hydropower personnel by the voting system to be the Chairperson of the Executive Committee. The Chairperson of the Executive Committee shall not hold office for more than two terms of the General Assembly;

(b) the Committee members shall elect one senior engineer from the irrigation personnel and one senior engineer from the hydropower personnel by the voting system to be the Vice Chairperson of the Executive Committee;

(c) the Committee members shall elect one senior engineer among the irrigation personnel and the hydropower personnel who are related with large dams by the voting system to be the Secretary of the Executive Committee;

(d) the Committee members shall elect one of the senior technicians among the irrigation personnel who are related with large dams by the voting system to be Treasurer of the Executive Committee;

ကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေများ အပါအဝင် တမံကြီးများနှင့်သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများမှ ရရှိသည့် ဝင်ငွေများ။

၃၂။ ကော်မတီသည် –

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်။

(ခ) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်ရာတွင်လုံလောက်မှုမရှိပါက လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ) နှင့်အညီ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန်တင်ပြတောင်းခံနိုင်သည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ တင်ပြတောင်းခံရာတွင် တောင်းခံရသည့် အကြောင်းအရင်းကို ကျိုးကြောင်းစုံလင်စွာ ဖော်ပြ၍ ရေးဆွဲတင်ပြရမည်။

(ဃ) အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်သို့ နှစ်စဉ်ကြေးကို နိုင်ငံခြားသုံးငွေဖြင့် ပေးသွင်းရာတွင် ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တင်ပြတောင်းခံနိုင်သည်။



(e) 10 members of the Executive Committee shall be elected out of the remaining 40 Committee members by the voting of the Committee members according to the following proportions:

(i) Irrigation personnel — 3 persons
(ii) Hydropower personnel — 2 persons
(iii) Environmental Conservation Department — 1 person
(iv) Yangon Technological University — 1 person
(v) Private companies and organizations those are related with large dams — 1 person
(vi) Senior Technicians who are related with large dams — 2 persons

(f) In the case of electing 15 members of the Executive Committee by voting of the Committee members, only those who are present without fail on that day and time shall be elected;

(g) One auditor and two Joint Secretaries out of the 10 members of the Executive Committee shall be elected by voting of the Committee members as follows:

(ဠ) ကော်မတီနှင့်အလုပ်အမှုဆောင်ကော်မတီက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုအခါအားလျော်စွာအစီရင်ခံတင်ပြခြင်း။

**လက်ထောက်အုပ်ချုပ်ရေးမှူး**

၂၉။ လက်ထောက်အုပ်ချုပ်ရေးမှူးသည် အုပ်ချုပ်ရေးမှူးကို တာဝန်ခံရမည်။

**ငွေစာရင်းဝန်ထမ်း**

၃၀။ ငွေစာရင်းဝန်ထမ်းသည် ဘဏ္ဍာရေးမှူးအား တာဝန်ခံ၍ ကော်မတီ၏ ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း(၉)
## ရန်ပုံငွေရှာဖွေခြင်းနှင့်သုံးစွဲခြင်း

၃၁။ ကော်မတီ၏ရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်ရမည် –

(က) အသင်းဝင်ကြေး၊ နှစ်စဉ်ကြေးနှင့် ရက်လွန်ကြေးတို့မှရရှိသည့် ငွေများ အပါအဝင် အသင်းဝင်ကြေးနှင့် ထည့်ဝင်ငွေများ၊

(ခ) ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ အပါအဝင် ပြင်ပပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများ၊

(ဂ) ကော်မတီ၏ကြီးကြပ်မှုဖြင့်ကော်မတီအဖွဲ့ဝင်များ၏ ပညာရပ်ဆိုင်ရာ သုတေသန လုပ်ငန်းများမှ ထောက်ပံ့ရရှိငွေများ၊



(i) to elect one senior engineer from the Irrigation personnel and one senior engineer from the Hydropower personnel who are related with large dams to be the two Joint Secretaries;

(ii) to elect one auditor among the senior engineers or technicians.

(h) The Committee shall assess the nominations and publish the list of candidates according to the relevant positions;

(i) The Committee members shall secretly vote for their preferred candidate in the relevant positions from the list of candidates;

(j) The Committee shall count the votes casted by secret ballot in the presence of the Committee members and shall declare the Executive Members with the highest number of votes for respective position. If the vote is equal in result, the members shall be elected by vote of the Patron Body.

(ဂ) ကော်မတီ၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာအမျိုးသားကော်မတီ အဖွဲ့ဝင်ဖြစ်ကြောင်း စိစစ်ရေးကတ်ပြား သို့မဟုတ် အထောက်အထား ထုတ်ပေးခြင်း၊

(ဃ) မှတ်ပုံတင်စာရင်းများကို ကော်မတီသို့တင်ပြ၍ ကော်မတီ၏ အတည်ပြုချက် ရယူခြင်း၊ ယင်းမှတ်ပုံတင်စာရင်းကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း၊

(င) တမံကြီးများဆိုင်ရာ အချက်အလက်များကို စုစည်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ ပြုစုခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကော်မတီအဖွဲ့ဝင်များသို့ ဖြန့်ဝေခြင်း၊

(စ) ရုံးအဖွဲ့ ၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ကော်မတီ အစည်းအဝေးများနှင့် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများ ကျင်းပရေးအတွက် ဖိတ်ကြားခြင်း၊

(ဇ) ကော်မတီ အစည်းအဝေးများနှင့် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများတွင် မှတ်တမ်းတင်သူအဖြစ်ဆောင်ရွက်ခြင်း၊

(ဈ) အစည်းအဝေးမှတ်တမ်းများ ထိန်းသိမ်းခြင်း၊

(ည) ကော်မတီနှင့်အလုပ်အမှုဆောင်ကော်မတီရုံးတို့၏ ရုံးစာတွဲများ၊ အမှုတွဲများ၊ မှတ်တမ်းများအပါအဝင် ကိုယ်ပိုင်အမှတ်တံဆိပ်၊ ရုံးတံဆိပ်စသည်များကို လုံခြုံစွာ ထိန်းသိမ်းခြင်း၊



## Chapter IV

## Obligations and Powers of the Committee

7. Upon the request of the relevant Union Ministries and departments and organizations, the Committee shall, according to the obligations and powers in sections 17 and 18 of the law:

(a) request required information on related management and utilization according to the published instructions on the findings of the research study and laws included in Periodical Bulletin issued by the International Commission on Large Dams (ICOLD), examining large dams in accordance with the academic ethics and procedures, construction, developing strategies and review the advice from work divisions, organizations and departments under the administration of the Union Ministries that are mainly related with large dams and Committee shall provide recommendations;

(b) review the reports on dams that to be constructed, constructed dam, and under construction and related hydraulic and hydropower structures that related with large dams, feasibility report for related works, detailed design report, land survey required that to be included

(ခ) အစည်းအဝေးကျင်းပသည့်လ မတိုင်မီလ၏ လကုန်ရက်ရှိ လက်ကျန်ငွေစာရင်းရှင်းတမ်း။

**အခန်း(၈)**

**အတွင်းရေးမှူးများအဖွဲ့ ဖွဲ့စည်းခြင်း**

**အတွင်းရေးမှူးများအဖွဲ့**

၂၇။ သတင်းအချက်အလက်များရယူစိစစ်ခြင်းလုပ်ငန်းနှင့် ကော်မတီရုံးလုပ်ငန်းကို ဦးစီးဆောင်ရွက်နိုင်ရန် အတွင်းရေးမှူးများ အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | အုပ်ချုပ်ရေးမှူး | ၁ ဦး |
| (ခ) | လက်ထောက်အုပ်ချုပ်ရေးမှူး | ၁ ဦး |
| (ဂ) | ငွေစာရင်းဝန်ထမ်း | ၁ ဦး |
| (ဃ) | လုပ်ငန်းပမာဏနှင့်ညီမျှသော ဝန်ထမ်းများ | |

**အုပ်ချုပ်ရေးမှူး**

၂၈။ **အုပ်ချုပ်ရေးမှူး၏ တာဝန်နှင့်ဝတ္တရားများ**

အုပ်ချုပ်ရေးမှူး၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီအဖွဲ့ဝင်များအဖြစ် အဆိုပြုတင်သွင်းလာသော လျှောက်လွှာများကို လက်ခံ၍ ကော်မတီ သို့ စိစစ်တင်ပြခြင်း၊

(ခ) ကော်မတီက ကော်မတီအဖွဲ့ဝင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပါက မှတ်ပုံတင် စာရင်းရေးသွင်းခြင်း၊ မှတ်ပုံတင် စာရင်းပြုစုခြင်း၊



in the project estimation, collecting hydrological data, engineering geological investigation and testing of water, soil, concrete, and rock, exploration of earthquake impact, assessing the environment and social impact, Manpower, major and minor construction equipment, machinery, vehicle, equipment requirements for the project, local and foreign currencies requirements by every fiscal year, potential benefit on investment, assessment of payback period etc., and completed reports submitted by relevant work departments, organizations, original or modified project forecasts in a timely manner and shall provide recommendations based on the findings;

(c) carry out field inspections according to the priority activities, such as the sturdiness and safety of constructed dams and related hydraulic structures, the maintenance that is carried out in accordance with the procedures issued by the department for the operation of related activities, Rules, periodical bulletin, and shall provide the recommendations based on the documents

(ဂ) အစည်းအဝေးတစ်ခု ကျင်းပပြီးတိုင်း အုပ်ချုပ်ရေးမှူးသည် အစည်းအဝေးမှတ်တမ်း မူကြမ်းကို အစည်းအဝေး တက်ရောက်သူ အားလုံးက အတည်ပြုပေးရမည့် နောက်ဆုံးရက် သတ်မှတ်၍ လှည့်လည်စာတွဲဖြန့်ဝေရမည်။

(ဃ) အစည်းအဝေးမှတ်တမ်းများသည် အစည်းအဝေး၌ ဆုံးဖြတ်ထားသော အချက်အားလုံးအတွက် သက်သေခံ အထောက်အထားအဖြစ် မှတ်ယူရမည်။

**ဆန္ဒမဲပေးခြင်း**

၂၅။ အစည်းအဝေးတွင် ပေါ်ပေါက်လာသော ပြဿနာတစ်ရပ်ရပ်အတွက် အဆုံးအဖြတ်ရယူရန် တက်ရောက်လာသူ အများစုက လက်ထောင်ကာ ဆန္ဒပြုခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အစည်းအဝေး တက်ရောက်သူ တစ်ဦးဦးက မှတ်တမ်းတင်ပေးရန် အဆိုပြုလျှင် ထောက်ခံသူ အမည်စာရင်း၊ ကန့်ကွက်သူ အမည်စာရင်းနှင့် ကြားနေသူ အမည်စာရင်းတို့ကို အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်ရမည်။

**ဘဏ္ဍာငွေရှင်းတမ်းတင်ပြခြင်း**

၂၆။ အလုပ်အမှုဆောင် ကော်မတီ အစည်းအဝေးများတွင် ဘဏ္ဍာရေးမှူးသည် ဘဏ္ဍာငွေ စာရင်းရှင်းတမ်းကို အောက်ပါအတိုင်း တင်ပြရမည်-

(က) လက်ရှိဘဏ္ဍာရေးနှစ်အတွင်း အစည်းအဝေးကျင်းပသည့်လ မတိုင်မီလ၏ လကုန်ရက်အထိ ကော်မတီ၏ ရငွေနှင့် သုံးငွေများ၊



issued by the International Commission on Large Dams.

## Chapter V

## Qualifications, Duties and Powers of Committee Members

**Qualifications, Duties and Powers of Committee Chairperson**

8. Qualifications, Duties and Powers of Committee Chairperson are as follows:

(a) **Qualifications of Committee Chairperson**

He or she shall:

(i) have at least 25 years of professional experience in the related field;

(ii) be loyal to the country and the nationalities;

(iii) be the one who has not been convicted of any ethical offense.

(b) **Duties and Powers of Committee Chairperson**

He or she shall:

(i) perform as a chairperson at the meetings of the Committee and the Executive Committee;

(ii) manage Committee's funds in accordance with the existing financial rules and instructions;

**ဖိတ်ကြားခြင်း**

၂၃။ (က) အုပ်ချုပ်ရေးမှူးသည် အစည်းအဝေးကျင်းပမည့် နေရာ၊ နေ့ရက်၊ အချိန်နှင့် အစည်းအဝေးတွင် ဆွေးနွေးမည့်အကြောင်းအရာများကို ဖော်ပြလျက် အစည်းအဝေးမကျင်းပမီ အနည်းဆုံး သုံးရက် ကြိုတင်၍ စာဖြင့် ဖိတ်ကြားရမည်။

(ခ) အကြောင်းအမျိုးမျိုးကြောင့် ဖိတ်စာလက်ခံရရှိခြင်း မရှိ၍ ကော်မတီဝင်တစ်ဦးဦး အစည်းအဝေးတက်ရောက်ရန် ပျက်ကွက်ခြင်းသည် ထိုအစည်းအဝေးတွင် ဆုံးဖြတ်ထားသည့် ကိစ္စများအား ပျက်ပြယ်ခြင်း မရှိစေရ။

(ဂ) ကော်မတီဝင် တစ်ဦးဦးသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ သုံးကြိမ်တစ်ဆက်တည်း ပျက်ကွက်ခြင်းမရှိစေရ။ ခွင့်မဲ့သုံးကြိမ် တစ်ဆက်တည်း ပျက်ကွက်ပါက ကော်မတီအနေဖြင့် ပထမအကြိမ် မှတ်တမ်းတင် သတိပေးစာ ထုတ်ပြန်ရမည်။ ဆက်လက် ပျက်ကွက်နေပါက ကော်မတီအဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ရန် ကော်မတီ၏ ပုံမှန်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေး သို့ တင်ပြဆောင်ရွက်ရမည်။

**အစည်းအဝေးမှတ်တမ်းများ**

၂၄။ (က) အုပ်ချုပ်ရေးမှူးသည် အစည်းအဝေး မှတ်တမ်းတင်သူအဖြစ် ဆောင်ရွက်ရမည်။

(ခ) အစည်းအဝေးမှတ်တမ်းအားလုံးကို အုပ်ချုပ်ရေးမှူးက စနစ်တကျ မှတ်တမ်းတင် သိမ်းဆည်းရမည်။



(iii) approve the amount of funds to be used for the activities specified by the Committee.

**Qualifications, Duties and Powers of the Committee Vice–Chairperson**

9. Qualifications, Duties and Powers of the Committee Vice–Chairperson are as follows:

(a) **Qualifications of the Committee Vice–Chairperson**

He or she shall:

(i) have over 20 years of professional experience in the related field;

(ii) be loyal to the country and the nationalities;

(iii) be the one who has not been convicted of any ethical offense.

(b) **Duties and Powers of the Committee Vice–Chairperson**

He or she shall:

(i) be able to take responsibility when acting on behalf of the Committee Chairperson;

(ii) provide support and advice the Committee Chairperson to succeed in the works;

(iii) coordinate with each other of the Committee members on behalf of the Committee Chairperson.

## အခန်း (၇)
## ကော်မတီ အစည်းအဝေးများ

**အစည်းအဝေးများ**

၁၉။(က) ကော်မတီ၏ ပုံမှန် အစည်းအဝေးကို သုံးလလျှင် တစ်ကြိမ် ကျင်းပနိုင်သည်။

(ခ) အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီဝင် ဦးရေ၏ အနည်းဆုံးသုံးပုံနှစ်ပုံ အရေအတွက်က တရားဝင်စာဖြင့် အထူး အစည်းအဝေး ကျင်းပပြုလုပ်ပေးရန် တင်ပြလာပါက တင်ပြ ချက်များလက်ခံရရှိသည့်နေ့ရက်မှ ၁၄ ရက်အတွင်း ကော်မတီ ၏ အထူးအစည်းအဝေး ခေါ်ယူနိုင်သည်။ အနည်းဆုံး ကော်မတီဝင် ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

**အလုပ်အမှုဆောင်ကော်မတီအစည်းအဝေး**

၂၀။ အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို ဥပဒေပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ခေါ်ယူကျင်းပနိုင်သည်။

**အဖွဲ့ခွဲများအစည်းအဝေး**

၂၁။ အဖွဲ့ခွဲများ၏ ညှိနှိုင်းအစည်းအဝေးများကို လိုအပ်လျှင်လိုအပ်သလို ကျင်းပနိုင်သည်။

၂၂။ ကော်မတီအစည်းအဝေး၊ အလုပ်အမှုဆောင် ကော်မတီအစည်း အဝေးနှင့် အဖွဲ့ခွဲအစည်းအဝေးများ၏ ဆွေးနွေးဆုံးဖြတ်ချက်များကို ကန့်သတ်အဆင့် သတ်မှတ်ရမည်။



**Qualifications and Duties of the Committee Secretary**

10. Qualifications and Duties of the Committee Secretary are as follows:

(a) **Qualifications of the Committee Secretary**

He or she shall:

(i) have at least 20 years of professional experience in the related field;

(ii) have the qualifications specified in clauses (2) and (3) of subrule (a) of rule 8.

(b) **Duties of the Committee Secretary**

He or she shall:

(i) arrange systematically for the meetings of the Executive Committee;

(ii) obtain the decision at meeting of the Executive Committee for the submissions of each sub–committee;

(iii) oversee and manage the Committee office;

(iv) sign and issue the Executive Committee’s orders and directives with the approval of the chairperson;

(v) compile the funding requirements of each sub–committee and coordinate with the treasurer and submit it to the chairperson.

ဘာသာရပ်အလိုက် စုစည်းကာ သက်ဆိုင်ရာ ပညာရှင်များဖြင့် အောက်ဖော်ပြပါ အဖွဲ့ခွဲများအပါအဝင် နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို လိုအပ်သလို ဖွဲ့စည်းရမည်–

(၁) တမံကြီးများဆိုင်ရာ စီမံခန့်ခွဲမှု စနစ်ဆိုင်ရာ အဖွဲ့ခွဲ၊

(၂) တမံကြီးများဆိုင်ရာ စီမံကိန်းနှင့် ဒီဇိုင်းပုံစံ စနစ်အဖွဲ့ခွဲ၊

(၃) တမံကြီးများဆိုင်ရာ ခိုင်ခံ့လုံခြုံ စိတ်ချရမှု စစ်ဆေးရေး အဖွဲ့ခွဲ၊

(၄) တမံကြီးများဆိုင်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူမှု ပတ်ဝန်းကျင်တို့အပေါ်သက်ရောက်ခြင်းအတွက် ဆန်းစစ်မှုဆိုင်ရာ အဖွဲ့ခွဲ၊

(၅) တမံကြီးများဆိုင်ရာ သုတေသန၊ လေ့ကျင့်ရေးနှင့် နည်းပညာ ဖြန့်ဝေမှုအဖွဲ့ခွဲ။

(ခ) အခြားလိုအပ်သော နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို အင်ဂျင်နီယာများ၊ ပညာရှင်များဖြင့် တိုးချဲ့ဖွဲ့စည်းနိုင်သည်။

(ဂ) နည်းပညာဆိုင်ရာအဖွဲ့ခွဲများကိုအလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးဦးက ဦးဆောင်လျက် ခုနစ်ဦးထက် မပိုသော ကော်မတီ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းနိုင်သည်။



**Qualifications and Duties of the Committee Joint Secretaries**

11. Qualifications and duties of the Committee Joint Secretaries are as follows:

(a) **Qualifications of the Committee Joint Secretary**

He or she shall:

(i) have at least 20 years of professional experience in the related field;

(ii) have the qualifications specified in clauses (2) and (3) of subrule (a) of rule 8.

(b) **Duties of the Committee Joint Secretary**

He or she shall provide assistance, and advice for the Secretary in connection with the duties of the Secretary.

**Qualifications and Duties of the Committee Treasurer**

12. Qualifications and Duties of the Committee Treasurer are as follows:

(a) **Qualifications of the Committee Treasurer**

He or she shall:

(i) have at least 20 years of professional experience in the related field;

(ii) have the qualifications specified in clauses (2) and (3) of subrule (a) of rule 8.

(ခ) **အလုပ်အမှုဆောင် ကော်မတီဝင်များ၏ တာဝန်များ**

အလုပ်အမှုဆောင်ကော်မတီဝင်တိုင်းသည် အလုပ်အမှုဆောင် ကော်မတီက ဖွဲ့စည်းသော အဖွဲ့ခွဲ တစ်ရပ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုသော အဖွဲ့ခွဲများတွင် တာဝန်ပေးပါက ထမ်းဆောင်ရမည်။

**အစားထိုးရွေးချယ်တာဝန်ပေးအပ်ခြင်း**

၁၆။ အလုပ်အမှုဆောင် ကော်မတီဝင်တစ်ဦးဦး လစ်လပ်သွားပါက အစားထိုး ရွေးချယ်နိုင်ရန် အနီးစပ်ဆုံး ပုံမှန်အစည်းအဝေး ကျင်းပချိန်တွင် တက်ရောက်သူ ကော်မတီဝင်များ၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ရွေးချယ် တာဝန်ပေးအပ်ရမည်။

## အခန်း(၆)
## အဖွဲ့ခွဲများဖွဲ့စည်းခြင်း

**ဒေသတွင်းအဖွဲ့ခွဲများ**

၁၇။ အလုပ်အမှုဆောင် ကော်မတီသည် ဒေသတွင်း အဖွဲ့ခွဲများကို အနည်းဆုံး တင်းပြည့် အဖွဲ့ဝင် ၁၅ ဦး ရှိလျှင် အဖွဲ့ခွဲ အမှုဆောင် အဖွဲ့ဝင် သုံးဦးဖြင့် လည်းကောင်း၊ ၃၀ ဦးနှင့် အထက်ရှိလျှင် အဖွဲ့ခွဲ အမှုဆောင် ငါးဦးဖြင့်လည်းကောင်း ဖွဲ့စည်းရမည်။

**နည်းပညာဆိုင်ရာ အဖွဲ့ခွဲများ**

၁၈။(က) အလုပ်အမှုဆောင်ကော်မတီသည် အပြည်ပြည်ဆိုင်ရာတမံကြီး များ ကော်မရှင်၏ နည်းပညာဆိုင်ရာ အဖွဲ့များကို အခြေခံ၍



(b) **Duties of the Committee Treasurer**

He or she shall:

(i) submit all incomes, expenditure, balance and budget estimation at every Executive Committee meeting;

(ii) supervise the accounting staff for the correct performance of all of the financial affairs of the Committee in accordance with the existing law, rules, and regulations;

(iii) supervise preparing and keeping of the financial statistics and ledgers to be correct;

(iv) supervise remitting of the receipts to the bank on time, and financial transaction to be systematic.

**Qualifications and Duties of the Committee Auditor**

13. Qualifications and duties of the Committee Auditor are as follows:

(a) **Qualifications of the Committee Auditor**

He or she shall:

(i) have at least 20 years of work experience in the field of accounting;

(ii) have the qualifications specified in clauses (2) and (3) of subrule (a) of rule 8.

(ခ) **ကော်မတီစာရင်းစစ်၏ တာဝန်များ**

ကော်မတီ၏ ဘဏ္ဍာရငွေ၊ သုံးငွေများကို တည်ဆဲပြဋ္ဌာန်းထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲခြင်း ရှိ မရှိ အခါအားလျော်စွာ စစ်ဆေး၍ အနည်းဆုံးခြောက်လလျှင်တစ်ကြိမ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို အလုပ်အမှုဆောင် ကော်မတီသို့ တင်ပြရမည်။

**လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ အရည်အချင်း**

၁၄။ လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ အရည်အချင်းသည် နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ (က)ပါ အလုပ်အမှုဆောင် ကော်မတီဝင်များ၏ အရည်အချင်းပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည်။

**အလုပ်အမှုဆောင်ကော်မတီဝင်များ၏ အရည်အချင်းနှင့် တာဝန်များ**

၁၅။ အလုပ်အမှုဆောင်ကော်မတီဝင်များ၏ အရည်အချင်းနှင့် တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) **အလုပ်အမှုဆောင် ကော်မတီဝင်များ၏ အရည်အချင်းများ**

(၁) ပညာရပ်နယ်ပယ်တွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၁၅ နှစ်ရှိသူ ဖြစ်ရမည်။

(၂) နည်းဥပဒေ ၈ နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် (၂)၊ (၃) တို့တွင် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ ဖြစ်ရမည်။



(b) **Duties of the Committee Auditor**

He or she shall audit the Committee's budget and expenditures from time to time whether it is used in accordance with the existing financial regulations and accounting procedures and report the findings once in six months to the Executive Committee.

**Qualifications of the members of the Work Inspection Board**

14. Qualifications of the members of the Work Inspection Board shall be in accordance with the qualifications of the members of the Executive Committee under subrule (a) of rule 15.

**Qualifications and Duties of the Executive Committee members**

15. Qualifications and duties of the Executive Committee members are as follows:

(a) **Qualifications of the Executive Committee members**

A member shall:

